MYANMAR EITI Extractive Industries Transparency Initiative

“ ပွင့်လင်းမြင်သာ တာဝန်ယူပါ ”

**အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာအင်တာနက်စာမျက်နှာ (https://bo.dica.gov.mm) လွှင့်တင်ခြင်း အခမ်းအနား (BO Website Launch) နှင့်ပတ်သက်၍ သတင်းထုတ်ပြန်ချက်**

၁။ မြန်မာနိုင်ငံ EITI လုပ်ငန်းစဉ်များ အနက်မှ အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းစဉ် (Beneficial Ownership-BO) အား ၂၀၁၇ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော် ဆောင်ရွက်ခဲ့ရာ ၂၀၁၉ ခုနှစ်တွင် သယံဇာတကဏ္ဍနှင့်သက်ဆိုင်သည့် ကုမ္ပဏီများ၊ နိုင်ငံပိုင် စီးပွားရေး လုပ်ငန်းစုစုပေါင်း (၁၆၂) ခု၏ အကျိုးအမြတ် ရရှိပိုင်ဆိုင်သူများ၏ အချက်အလက်များအား https://bo.dica.gov.mm အင်တာနက်စာမျက်နှာတွင် အများပြည်သူမှ ဝင်ရောက်ကြည့်ရှုနိုင်ရန် ထုတ်ဖော်တင်ပြထားခဲ့ပြီး ဖြစ်ပါသည်။

၂။ မြန်မာနိုင်ငံ အနေဖြင့် လည်း ထိုသို့ဆောင်ရွက်ခဲ့ခြင်းအားဖြင့် EITI အဖွဲ့ဝင်နိုင်ငံများ အနက် ဤလုပ်ငန်းစဉ်တွင် စံနမူနာ ရှေ့ပြေးနိုင်ငံတစ်ခုအဖြစ် သတ်မှတ်ခြင်းခံခဲ့ရပါသည်။ ထိုသို့ ကုမ္ပဏီများ၏ အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အချက်အလက်များအား ဒုတိယအကြိမ် နှင့် ရှေ့ဆက် ထုတ်ပြန်နိုင်ရန်အတွက် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ အင်တာနက်စာမျက်နှာ (BO Website) အား မြန်မာနိုင်ငံ EITI အကျိုးအမြတ်ရရှိပိုင်ဆိုင်မှု ဖော်ဆောင်ရေး လုပ်ငန်းအဖွဲ့နှင့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာန (DICA) တို့က ပူးပေါင်း၍ အသစ်ပြန်လည်ပြင်ဆင်တည်ဆောက် ခဲ့ကြပါသည်။

၃။ သို့ဖြစ်ပါ၍ အသစ်ပြန်လည်ပြင်ဆင် တည်ဆောက်ခဲ့သည့် အကျိုးအမြတ်ရရှိပိုင်ဆိုင်မှုဆိုင်ရာ https://bo.dica.gov.mm အင်တာနက်စာမျက်နှာ နှင့်ပတ်သက်၍ အများပြည်သူများ ပိုမိုသိရှိ လေ့လာနိုင်ပါရန်နှင့် သယံဇာတကဏ္ဍရှိ ကုမ္ပဏီများက BO လုပ်ငန်းစဉ်တွင် ပိုမိုပူးပေါင်းပါဝင်နိုင်ပါရန် ရည်ရွယ်၍ ယင်းအင်တာနက်စာမျက်နှာ လွှင့်တင်ခြင်းခမ်းအနား (BO Website Launch) အား ၂၀၂၀ ပြည့်နှစ်၊ အောက်တိုဘာလ (၁၄) ရက်၊ နံနက် (၁၀) နာရီမှ (၁၂:၃၀) နာရီအထိ ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

၄။ ယင်းဖွင့်ပွဲအခမ်းအနားတွင် မြန်မာနိုင်ငံ EITI သုံးပွင့်ဆိုင်ညွှန်ပေါင်းအဖွဲ့ ဥက္ကဋ္ဌဖြစ်သူ စီမံကိန်း၊ ဘဏ္ဍာရေးနှင့် စက်မှုဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမောင်မောင်ဝင်းမှ အဖွင့်မိန့်ခွန်းပြောကြားခဲ့ပြီး ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများ ညွှန်ကြားမှုဦးစီးဌာနမှ ညွှန်ကြားရေးမှူးချုပ် ဦးသန့်စင်လွင်မှ နှုတ်ခွန်းဆက်မိန့်ခွန်းပြောကြားကာ USAID မှ Mission Director, Aler Grubbs မှ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုယ်စား နှုတ်ခွန်းဆက်စကားပြောကြားခဲ့ပါသည်။ ထို့နောက် စကားဝိုင်းဆွေးနွေးခြင်းအစီအစဉ်ကို ပြုလုပ်ကာ တက်ရောက်လာသူများမှ သိလိုသည်များကို မေးမြန်းခဲ့ကြပါသည်။ မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးအနေဖြင့် နိဂုံးချုပ်ကျေးဇူးတင်စကား ပြောကြားခြင်းဖြင့် အခမ်းအနားကို အောင်မြင်စွာ ရုတ်သိမ်းခဲ့ပါသည်။

(Extractive Industries Transparency Initiatives (EITI) ဆိုသည်မှာ သယံဇာတစီမံခန့်ခွဲရာတွင် ပွင့်လင်းမြင်သာမှုနှင့် တာဝန်ယူမှု၊ တာဝန်ခံမှုအား တိုက်တွန်းအားပေးသည့် နိုင်ငံတကာစံနှုန်းတစ်ခု ဖြစ်ပါသည်။ အဆိုပါစံနှုန်းအား မြန်မာနိုင်ငံအပါအဝင် နိုင်ငံပေါင်း (၅၀) ကျော်မှ အကောင်အထည်ဖော် ဆောင်ရွက်လျက် ရှိပါသည်။ မြန်မာနိုင်ငံ အနေဖြင့် EITI လုပ်ငန်းစဉ်အား ၂၀၁၄ ခုနှစ်မှ စတင်၍ အကောင်အထည်ဖော်လျက်ရှိပြီး အကျိုးအမြတ် ရရှိပိုင်ဆိုင်မှု လုပ်ငန်းစဉ်များကို EITI စံနှုန်း ၂.၅ နှင့်အညီ ဖော်ဆောင်လျက်ရှိပါသည်။ ၂၀၁၉ ခုနှစ်၊ အောက်တိုဘာလတွင်

No.13 (A), Mya Yadanar Street, 16 Ward, Baukhtaw,
Yankin Township.Yangon 11081
Tel.: +95 1 401 178, Mobile: +95 9 400 888 123
E-mail: communication@myanmareiti.org
www.myanmareiti.org

Fiscal Policy, Strategy and EITI Division,
Budget Department,
Office No. (26), Naypyidaw
Tel.: +95 67 410 533
E-mail: meitioffice.mopf@myanmareiti.org

နိုင်ငံတကာ EITI ဘုတ်အဖွဲ့မှ မြန်မာနိုင်ငံ၏ EITI အကောင်အထည် ဖော်မှုအား အဓိပ္ပာယ်ရှိသောတိုးတက်မှု (Meaningful Progress) အဖြစ် သတ်မှတ်ခဲ့ပါသည်။)

**မီဒီယာများအနေဖြင့် အသေးစိတ် ဆက်သွယ်မေးမြန်းလိုပါက-**

မြန်မာနိုင်ငံ EITI ညှိနှိုင်းရေးမှူးရုံး
ဖုန်း - ၀၉ ၄၀၀ ၈၈၈ ၁၂၃
Email - bo@myanmareiti.org, communication@myanmareiti.org